# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်( ၂၈၉)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု



**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## လွမ်းသူ့ပန်းခွေချ အလေးပြု

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုစဉ်။




**ယနေ့ ဖတ်စရာ**

အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သားစဉ်မြေးဆက်တို့၏ သဘောထားအမြင်များ — တွေ့ဆုံမေးမြန်း — စာ ၈

ဂျပန်နိုင်ငံ အထက်လွှတ်တော် ရွေးကောက်ပွဲ — ဆောင်းပါး — စာ ၁၀

နေအဖွဲ့အစည်းအတွင်း ဂြိုဟ်သိမ်မှတွေ့ရှိသော ကျောက်နမူနာများ သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သုတေသီများပြောကြား — နိုင်ငံတကာသတင်း — စာ ၁၄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

### ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်နိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရုပ်ရှင်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာ ထူးခြားမှု၊ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးပါက ရရှိလာနိုင်မည့်အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းက ဝဇီရာရုပ်ရှင်ရုံသမိုင်းကြောင်း၊ ခေတ်အဆက်ဆက် ရုပ်ရှင်ဇာတ်ကားများ ပြသခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ရုပ်ရှင်ရုံအားအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်မီသည့်ရုပ်ရှင်ရုံတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံ၏ ယခင်မူလ မှတ်တမ်းဓာတ်ပုံများအား ပြန်လည်စုဆောင်း၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံပတ်ဝန်းကျင်၌ ကားရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာမှု အဆင်ပြေစေရေး လူသွားစင်္ကြံများအား စနစ်တကျ ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား အဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

### စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်ရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရိပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ မြန်မာနိုင်ငံတွင်ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံအား သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိမှု၊ အဆောက်အအုံအား စနစ်တကျ တည်ဆောက်နိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိမှု၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြခန်းများခင်းကျင်းပြသနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ယခင်သုံးထပ်အဆောက်အအုံအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများအား သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် အဆောက်အအုံများဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ စာဆိုဗိမာန်ဆောက်လုပ်ပြီးစီးပါက ဓာတ်ပုံများနှင့် သမိုင်းအထောက်အထားစာရွက်စာတမ်းများအား ခင်းကျင်းပြသရာတွင် ကြည်လင်ပြတ်သားစွာ ပြသထားရှိနိုင်ရန်လိုကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဆောက်အအုံအား ပြည်သူများ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် ဆိတ်ငြိမ်စွာဖြင့် စာပေဖတ်မှတ်လေ့လာနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ အဆောက်အအုံ လုပ်ငန်းများအပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကိုလည်း စီမံဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့် ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများ ထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည်ဖြစ်သည်။

ယခင် စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန်သုံးထပ်အဆောက်အအုံ၏ ပထမထပ်တွင်တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာတိုးပွားစေရန်၊ မြန်မာစာပေ ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်း လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



သခင်မြ၏ ဂူဗိမာန်၌ သခင်မြ၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

❖ ***ရှေ့ဖုံးမှ***

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

***စာမျက်နှာ ၅ သို့***



ဒီးဒုတ်ဦးဘချို၏ ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်တစ်ဦး လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်ကိုယ်စား အာဇာနည်နေ့အခမ်းအနားကျင်းပရေး ကော်မတီမှ ကိုယ်စားလှယ်တစ်ဦး လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



ဦးရာဇတ်၏ ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

*စာမျက်နှာ ၄ မှ*

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သ အမျှပေးဝေကြသည်။

**မေတ္တာပို့သ အမျှပေးဝေ**

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

**လွမ်းသူ့ပန်းခွေချ အလေးပြု**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန် ကလျာဏယုဝအသင်း (YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ ဟိန္ဒူဗဟိုအဖွဲ့ချုပ်၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ မြန်မာမွတ်စလင် သာသနာ့ ပညာရှင်များအဖွဲ့ချုပ်၊ ဖူလ်းဂေါ်စပယ် အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာ့ရေးရာ ကောင်စီဌာနချုပ်၊ မြန်မာမွတ်စလင် လူငယ်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းချုပ်၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ပိုးကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၊ အရှေ့ချင်း နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတော် ကတ်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မြန်မာစားသုံးသူ သမဂ္ဂတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

*စာမျက်နှာ ၆ သို့*



ဦးအုန်းမောင်၏ ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

*စာမျက်နှာ ၅ မှ*

ယင်းနောက် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက် ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

### ဂါရဝပြုလေ့လာ

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥဩဆွဲ အချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၊ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှအဖွဲ့ဝင်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။



လူမှုရေးအသင်းအဖွဲ့ဝင်များမှ ကိုယ်စားလှယ်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့်သံရုံးယာယီတာဝန်ခံများ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။





နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။





ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်း တိုင်းသူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကိုင်သွားကြဖို့ လိုပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်




၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံပိုင်မီဒီယာများက အာဇာနည်နေ့အခမ်းအနားနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းက အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

" ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ ပြောကြားချက်တွေမှာ အများကြီးပါပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာ ဖြစ်ပါတယ်။

"ဝိုင်းဝန်းကြိုးစားတဲ့အခါမှာလည်း အားလုံးညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကိုတကယ်ကောင်းအောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ လုပ်ကြတာကောင်းပါတယ်။ ဗိုလ်ချုပ်တို့က အသက်စွန့်ပြီးတော့၊ အသက်ပေးပြီးတော့ လုပ်သွားကြတာပါ။ ဒ့ါအပြင် တိုင်းပြည်ရဲ့တန်ဖိုးက လွတ်လပ်ရေးပါ။ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒါတွေရှိတယ်။ သို့သော်လည်း စည်းနဲ့ကမ်းနဲ့ဖြစ်တဲ့စနစ်မျိုးတော့ ဖြစ်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် အန္တရာယ်လည်း ရှိပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ တိုင်းသူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကိုင်သွားကြဖို့ လိုပါတယ်" လို့ ကျွန်တော်ပြောချင်ပါတယ်။

သတင်းစဉ်

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားနှင့် မိုးစပါး(Fs-Rs) မျိုးစေ့ထုတ်စိုက်ခင်းများ၊ သုတေသနစိုက်ခင်းများ ကွင်းသရုပ်ပြပွဲ အခမ်းအနား တက်ရောက်



**မော်လမြိုင် ဇူလိုင် ၁၉**

ဒေသအတွင်းအပူချိန်လျော့ကျလာစေရန်နှင့် ဒေသခံပြည်သူများ သစ်ပင်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး သစ်ပင်စိုက်ပျိုးလိုစိတ်များ ဖြစ်ပေါ်လာစေရန်၊ သစ်တောစိုက်ခင်းများ ထူထောင်နိုင်ရန် ရည်ရွယ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပျိုးပင်များကိုဦးဆောင် စိုက်ပျိုးကြပြီး ပျိုးပင်များကို တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အများပြည်သူများက တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ စိုက်ပျိုးရေး (ဗဟို) မျိုးသန့်ခြံအတွင်း ယာယီရှင်းလင်းဆောင်၌ ပြုလုပ်သည့် မိုးစပါး(Fs-Rs) မျိုးစေ့ထုတ်စိုက်ခင်းများနှင့် သုတေသနစိုက်ခင်းများ ကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်၍ မိုးစပါး FS – RS မျိုးစေ့ထုတ်စိုက်ခင်းအတွင်း တောင်သူများ ကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ကောက်စိုက်သမများအား ချီးမြှင့်ငွေနှင့်အာဟာရမုန့်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေး(ဗဟို)မျိုးသန့်ခြံအတွင်း မြေချဉ်(pH နိမ့်)ဒေသများတွင် ထုံးနှုန်းထားအမျိုးမျိုး ထည့်သွင်း၍ စပါးအထွက်နှုန်းကို သုတေသနပြုလေ့လာခြင်း စမ်းသပ်ကွက်၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများ အသုံးပြု၍ မြေဆီလွှာ၏ ထုတ်လုပ်နိုင်စွမ်းအားကို သုတေသနပြုလေ့လာခြင်း စမ်းသပ်ကွက်၊ မိုးစပါးစိုက်နည်းစနစ်ယှဉ်ပြိုင်ခြင်း သုတေသနစမ်းသပ်ကွက်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

# အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သားစဉ်မြေးဆက်တို့၏ သဘောထားအမြင်များ

## အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီးယူပေးခဲ့တဲ့ လွတ်လပ်ရေးကို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ဗိုလ်ချုပ်ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်းသွားစေချင်ပါတယ်

ဦးရဲအောင်သန်း

**မြန်မာ့လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးမှခ်ဦးတံခါးဝရောက်ခါနီးချိန်ခါမှ မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကြေကွဲဝမ်းနည်းဖွယ်ရာ ကျဆုံးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၇၈ နှစ်တိုင်ခဲ့ချေပြီ။**


ဦးရဲအောင်သန်း


ဒေါ်ဇင်ဇင်ဦး


မရှိန်းမြသံဇဉ်မေ


မစပ်သိမ့်ကြာဖြူ


ဒေါ်မြင့်မြင့်သန်း


ဒေါ်မြင့်မြင့်ခိုင်


ဦးညီညီဆွေခိုင်


ဒေါ်နန့်စိုးစိုးခိုင်

သို့သော် မျိုးဆက်အလီလီက ယနေ့တိုင် မေ့မရနိုင်။ အထူးသဖြင့် နှစ်စဉ် အာဇာနည်နေ့ရောက်လေတိုင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားကို မျိုးဆက်အလီလီက အောက်မေ့သတိရလျက်ရှိကြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ သားစဉ်မြေးဆက်မိသားစုဝင်များကလည်း လွမ်းဆွတ်အောက်မေ့သတိရသည့်နည်းတူ တစ်ဖက်ကလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးဆက်များအဖြစ် ဂုဏ်ယူမဆုံးရှိကြသည်။

ယနေ့ (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာသူ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင် မြေးတစ်ဦးလည်းဖြစ်၊ ဗိုလ်ချုပ်၏ အစ်ကို ဦးအောင်သန်း၏ မြေးလည်းဖြစ်သူ ဦးရဲအောင်သန်းက “(၇၈) နှစ်မြောက် အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လာရောက်ဂါရဝပြုရတဲ့အတွက် ဝမ်းသာပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီး ယူပေးခဲ့တဲ့ လွတ်လပ်ရေးကို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ဗိုလ်ချုပ်ချမှတ်ထားတဲ့လမ်းစဉ်အတိုင်း သွားစေချင်ပါတယ်”ဟု ပြောသည်။

မြေးချွေးမ တော်စပ်သူ ဒေါ်ဇင်ဇင်ဦးကလည်း “အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုဝင်ဖြစ်ရတဲ့အတွက်ရယ်၊ အခုလိုလာရောက် ဂါရဝပြုရတဲ့အတွက် ဂုဏ်ယူရပါတယ်။ ယနေ့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကဲ့သို့ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးပြီး နိုင်ငံ့အပေါ် ချစ်တဲ့စိတ်ဓာတ်နဲ့ အမူအကျင့်တွေကိုလည်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားစေချင်ပါတယ်”ဟု ပြောသည်။

မျိုးဆက်ကွာဟမှုများ ရှိသော်ငြား အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မြစ်တော်စပ်သူ မရှိန်းမြသံဇဉ်မေက အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မြစ်တစ်ယောက်အနေဖြင့် ဆွေမျိုးဖြစ်ရသည်ကို ဂုဏ်ယူမိပါကြောင်းဆိုသည်။

“အာဇာနည် ခေါင်းဆောင်ကြီး သခင်မြရဲ့ နိုင်ငံ့အတွက် လုပ်ဆောင်ချက်တွေကို သမီးတို့ဘိုးဘိုးက ပြောပြခဲ့ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့အကြောင်းကို ကျောင်းသင်ခန်းစာ၊ သမိုင်းဘာသာရပ်မှာလည်း သင်ရတဲ့အတွက် မေ့နိုင်စရာအကြောင်း မရှိပါဘူး။ အမြဲတမ်းအမှတ်ရ ဂုဏ်ယူလေးစားနေရပါတယ်။ သမီးတို့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့လည်း ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ထက်မြက်တဲ့ အရည်အချင်းတွေကို အတုယူသင့်ပါတယ်” ဟုပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မြစ်တော်စပ်သူ မစဝ်သိမ့်ကြာဖြူက “သမီးငယ်ငယ်က အဘိုးရဲ့အကြောင်းကို အဘိုးက ပုံပြင်အနေနဲ့ ဘာတွေ လုပ်ခဲ့တယ်ဆိုတာ ပြောပြဖူးတယ်။ အဘိုးအတွက် သမီးတို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အဘိုးနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သမီးတို့ လူငယ်တွေက လေးစားသမှု ပြုရမယ်။ ဘာလို့လဲဆို လွတ်လပ်ရေးကို ရအောင်ယူပေးခဲ့လို့၊ ဒါကြောင့် လေးစားသင့်တယ်၊ တန်ဖိုးထားသင့်တယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မြေးချွေးမတော်စပ်သူ ဒေါ်မြင့်မြင့်သန်းက နိုင်ငံတော်အတွက် အသက်ပေးသွားခဲ့သည့် အဘိုးအတွက် ဂုဏ်ယူပါကြောင်း၊ အာဇာနည် ခေါင်းဆောင်ကြီးများကို မျိုးဆက်သစ်လူငယ်များကလည်း ရိုသေလေးစားကြကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကောင်းမြတ်သည့် အမွေအနှစ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြဖို့ အကြံပြုချင်ကြောင်း ပြောကြားသည်။

အာဇာနည် ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သမီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင် က “ကျွန်မကတော့ နိုင်ငံ့တာဝန်ကို နှစ် ၄၀ ကျော် ထမ်းဆောင်ခဲ့ပြီးပါပြီ။ အခုလည်း နိုင်ငံတော်က အခါအားလျော်စွာ ပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်နေပါတယ်။ ကျွန်မလိုပဲ နိုင်ငံသူ နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကျရာတာဝန်ကို ထမ်းဆောင်ကြမယ်ဆိုရင် လွတ်လပ်တဲ့ နိုင်ငံ တင်မကဘူး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မ သုံးနှစ်သမီးအရွယ်ကတည်းက ကျွန်မရဲ့ဖခင်က ကျဆုံးသွားခဲ့တာကြောင့် ကျွန်မရဲ့ ဖခင်ဖြစ်သူကို မမီခဲ့ပါဘူး။ ဖခင်ဖြစ်သူရဲ့ အကြောင်းအရာတွေကို မိခင်ဖြစ်သူရဲ့ ပြောကြားချက်တွေနဲ့ စာအုပ်စာပေတွေကနေလေ့လာဖတ်ရှုသိခဲ့ရပါတယ်” ဟု ဆိုသည်။

အာဇာနည် ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မြေးတော်စပ်သူ ဦးညီညီဆွေခိုင်က “အာဇာနည်ခေါင်းဆောင်ကြီးတွေကို တစ်နှစ်တစ်ခါမှ သတိရတာထက်စာရင် သူတို့ရဲ့ တိုင်းပြည်အပေါ်ထားတဲ့ စိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင် ကြိုးစားခဲ့တဲ့ စိတ်ဓာတ်၊ စေတနာတို့ကို တိုင်းပြည်တိုးတက်စေဖို့ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် တိုင်းပြည်အတွက် ပိုအကျိုးရှိမယ်လို့ ထင်မြင်ပါကြောင်း” ပြောသည်။

အာဇာနည် ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မြေးတော်စပ်သူ ဒေါ်နန့်စိုးစိုးခိုင်က “ကျွန်မတို့ မိသားစုတွေက ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ပါတယ်။ အဘိုးရှိစဉ်က အဘိုးရဲ့အကြောင်းကို စာတွေမှာ ကရင်-ဗမာချစ်ကြည်စည်းလုံး ညီညွတ်ရေး ဗိသုကာကြီးဆိုပြီး ခေါင်းစဉ်တပ်ရေးထားတဲ့ စာတွေမှာ ဖတ်ဖူးပါတယ်။ ဆက်ပြီးတော့ အရာရာတိုင်းကို ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ပြီး ကျော်ဖြတ်ဖို့ လိုပါတယ်။ မြန်မာပြည်မှာ တိုင်းရင်းသား ပေါင်းစုံရှိတာကြောင့် ဘာပဲလုပ်လုပ်၊ ချစ်ခြင်းမေတ္တာကို တည်ဆောက်ပြီးသွားမယ်ဆိုရင် အကောင်းဆုံးဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ သားဖြစ်သူ ရန်ကုန်တက္ကသိုလ်၊ ကုန်ထုတ်ဓာတုဗေဒ အငြိမ်းစား ပါမောက္ခဌာနမှူး ဒေါက်တာမင်းမြင့်က “အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ဘဝကတည်းက ကျဆုံးချိန်အထိ ကျင့်သုံးခဲ့တာတွေကို မျိုးဆက်သစ်တွေအနေနဲ့ လေ့လာဖို့လိုပါတယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ မြေးများဖြစ်သူ ဒေါက်တာ ကျော်သက်အောင်နှင့် ဒေါက်တာ ကျော်ထက်အောင်တို့ကလည်း “ကျွန်တော်တို့ငယ်စဉ်အဘွားရှိစဉ်ကဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေ တစ်ဦးတစ်ယောက်ချင်းစီက ဘယ်လိုစွမ်းဆောင်ခဲ့တယ် ဆိုတာတွေ၊ သူတို့ရဲ့ အရည်အချင်းတွေကို ပြောပြခဲ့လို့ သိရှိခဲ့ရပါတယ်။ ဂုဏ်ယူလေးစားစရာ ကောင်းပါတယ်။ လူငယ်တွေမှာလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေလို နိုင်ငံကောင်းဖို့၊ နိုင်ငံတိုးတက်ဖို့ စွမ်းဆောင်ရည်ရှိတဲ့စိတ်တွေကို မျိုးဆက်သစ်တွေ ဆက်လက်ထိန်းသိမ်းဖို့လိုပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေလို အသက်ငယ်ငယ်နဲ့နိုင်ငံ့အရေး စွမ်းဆောင်နိုင်ခဲ့တာတွေကို လူငယ်တွေမြင်ဖို့၊ ကြိုးစားဖို့လိုပါတယ်”ဟုဆိုသည်။

အာဇာနည် ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏ မြေးတော်စပ်သူ ဦးသန့်ဇင်ချိုက “မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်တိုးတက်ဖို့ဆိုတာ ပထမဆုံး ငြိမ်းချမ်းရေးရပြီးမှသာ တိုင်းပြည်တိုးတက်နိုင်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူတကွလက်တွဲပြီး တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်နိုင်ဖို့ အားလုံးကြိုးစားကြစေချင်ပါတယ်။ အဘိုးက စာပေဘက်ရော၊ ဂီတဘက်မှာပါ နှံ့နှံ့စပ်စပ်သိတဲ့ ပုဂ္ဂိုလ်ပါ။ ကျွန်တော်တို့အနေနဲ့ အဘိုးကို မမီပေမယ့် အဘိုးရဲ့စာပေနဲ့ ဂီတပိုင်းဆိုင်ရာ ရေးတဲ့စာအုပ်တွေကို မပျောက် မပျက်အောင်ထိန်းသိမ်းပြီး နောင်မျိုးဆက်တွေအတွက် လက်ဆင့်ကမ်းပြီး ယဉ်ကျေးမှုတက္ကသိုလ်တွေကို စာအုပ်စာစောင်တွေ လှူဒါန်းတာမျိုး ဆောင်ရွက်ခဲ့ပါတယ်။ လူမျိုးတစ်မျိုးမှာ ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာရှိတယ်။ ယဉ်ကျေးမှုဆိုတာ လူမျိုးတစ်မျိုးရဲ့ အထိမ်းအမှတ်ပြယုဂ်လည်း ဖြစ်ပါတယ်။ မြန်မာလူမျိုး တစ်ယောက်အနေနဲ့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးတွေအားလုံးအနေနဲ့ မိမိတို့ လူမျိုး၊ ယဉ်ကျေးမှု အစဉ်အဆက်တွေကို ထိန်းသိမ်းပြီး မိမိတို့ ယဉ်ကျေးမှုဂုဏ်ကို စောင့်ထိန်းစေချင်ပါတယ်”ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ မြေးတော်စပ်သူ ဒေါ်ညိုမီရာဇတ်ကလည်း “ကျွန်မအဖေက အဘိုးဆုံးတဲ့ အချိန်မှာ ငယ်ငယ်လေးပဲ ရှိသေးတယ်။ ကျွန်မတို့အနေနဲ့ အဘိုးကိုမြင်တွေ့ခွင့်မရခဲ့ပါဘူး။ ကျွန်မတို့ အရွယ်ရောက်လာတော့ စာတွေ သင်တဲ့အခါ၊ လေ့လာပြီး ဖတ်ရှုတဲ့အခါ ကျွန်မတို့အဘိုးရဲ့အကြောင်းတွေကို သိရတယ်။ အဲဒီတော့ ကျွန်မတို့က အဘိုးက တိုင်းပြည်အတွက် လုပ်ခဲ့တာပဲ၊ အဲဒီအတွက် ငါတို့အဘိုးက အလွန်လေးစား ဂုဏ်ယူဖို့ကောင်းတယ်။ အဲဒါလေးတွေကို ကျွန်မ ခံစားရပါတယ်။ အခုလိုမျိုး တစ်နှစ်တစ်ခါ ကြုံတွေ့ရတဲ့အခါမှာ ကျွန်မတို့အတွက် အမှတ်တရတွေ ပိုပြီးဖြစ်ရတာပေါ့။ အဘိုးရဲ့ အကြောင်းတွေကို ကြားထဲမှာ ပိုပြီး လေ့လာဖြစ်တယ်။ ပိုပြီး သိလာတယ်။ နောက်မျိုးဆက်သစ်တွေအနေနဲ့လည်း တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိနဲ့ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်သွားစေချင်ပါတယ်”ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏သားဖြစ်သူ ဦးလှကြည်က “အဲဒီတုန်းက ကျွန်တော်က ငယ်သေးတော့ သိပ်တော့မမှတ်မိဘူး။ နောက် ကျောင်းတက်တဲ့အခါ၊ လူကြီးတွေ ပြောတဲ့အခါ ပတ်ဝန်းကျင်က ကျွန်တော်တို့အပေါ် လေးလေးစားစား ဆက်ဆံလာကြတယ်။ ဘာကြောင့်လဲတော့ ကျွန်တော်လည်း မသိဘူးပေါ့။ နည်းနည်းကြီးလာတော့မှ အာဇာနည်ကြီးရဲ့ သားသမီးဖြစ်တဲ့အတွက် ပရိသတ်က ကရုဏာသက်ကြတယ်လို့ ခံစားရတယ်” ဟု ဆိုသည်။

***စာမျက်နှာ ၉ သို့***

# (၇၈)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်

## နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကာ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။(**အပေါ်ပုံ**)



ယနေ့တွင် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် တစ်ရက်တာ အခမဲ့အထူးဖွင့်လှစ်ပြသခဲ့သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံ သမိုင်းကြောင်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန်အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ ယမန်နှစ်ကထက် များပြားခဲ့ပြီး ဉာဏ်စမ်းပဟေဠိ မေးခွန်းများ ဖြေဆိုမှုမှ အမှတ်တရလက်ဆောင်များ ပေးအပ်သည့် အထူးအစီအစဉ်တွင်လည်း စိတ်ဝင်တစားပါဝင်ဖြေဆိုကြသူများ များပြားခဲ့သည်။ **သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

အာဇာနည် ခေါင်းဆောင်ကြီးရဲဘော်ကိုထွေး၏ တူတော်စပ်သူ ဒုတိယ ဗိုလ်မှူးကြီး အောင်ကိုကို (ငြိမ်း)က"ဗိုလ်ချုပ်တို့ သူ့သက်တမ်းတိုလေးအတွင်းမှာ အများကြီး လုပ်ခဲ့တယ်။ ခြုံပြီးတော့ ခွဲလိုက်မယ်ဆိုရင် သုံးမျိုးပေါ့။ ပထမတစ်ခုကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ကို လုပ်ခဲ့တာ၊ ဒုတိယတစ်ခုကတော့ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်မြဲဖို့၊ ရရှိဖို့ဆိုပြီးတော့ ကြိုးပမ်းခဲ့တာ၊ နောက်ဆုံးတစ်ခုကတော့ လွတ်လပ်ပြီးတဲ့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်မယ်ဆိုတာ ကြံစည်ခဲ့တာ၊ တကယ်တော့ ဗိုလ်ချုပ်တို့က လွတ်လပ်တဲ့ အချိန်မှာ သူတို့ မရှိတော့ဘူး၊ မရှိတော့တဲ့အတွက်ကြောင့် သူတို့က Plan ချပေးခဲ့တဲ့ သဘောပဲရှိတယ်။ ဒါပေမယ့် လွတ်လပ်ပြီးတဲ့ အခါကစပြီးတော့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးက တဖြည်းဖြည်းနဲ့ပျက်လာတယ်၊ စည်းလုံးညီညွတ်မှု ပြိုကွဲလာတဲ့အခါကြတော့ အချုပ်အခြာအာဏာ ထိခိုက်လာတယ်။ လွတ်လပ်ရေးကို ထိပါးမယ့် အရိပ်အရောင်တွေ တွေ့လာရတယ်။ ဒါယနေ့အထိပါပဲ" ဟု သုံးသပ်ပြောကြားခဲ့သည်။

ဇူလိုင် ၁၉ ရက် နံနက်ခင်းက နေရောင်ဖျော့ဖျော့ ထွန်းလင်းတောက်ပလို့ နေသည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးချိန် အချိန်နီးကပ်လာချိန်တွင်မူ မိုးကောင်းကင်သည် ရုတ်ခြည်း အုပ်ဆိုင်းသွားသည်။ ထိုမှတစ်ဆင့် မိုးစက်မိုးပေါက်များ အဖြစ် ရွာသွန်းဖြိုးတော့သည်။ နံနက် ၁၀ နာရီ ၃၇ မိနစ် အရောက်တွင်မူ ဝမ်းနည်းခြင်း အထိမ်းအမှတ် ဥဩဆွဲသံများ၊ ကားဟွန်းတီးသံများက အောက်မေ့တမ်းတ လွမ်းမောဖွယ်ရာ ထွက်ပေါ်လာသည်။



ဒေါက်တာမင်းမြင့်



ဒေါက်တာ ကျော်သက်အောင်နှင့် ဒေါက်တာ ကျော်ထက်အောင်



ဦးသန့်ဇင်ချို

ဗိုလ်ချုပ် အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့သောအားဖြင့် မျိုးဆက်အလီလီသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်တစိုက် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို တုံ့ပြန်ပေးဆပ်ကြပါစို့။ ။



ဒေါ်ညီမြရာဇတ်



ဦးလှကြည်



ဒုတိယ ဗိုလ်မှူးကြီး အောင်ကိုကို(ငြိမ်း)

**သတင်းစဉ်(သတင်းအဖွဲ့)**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာ ပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခု ဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာ နေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံ ကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**


- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

## မြစ်သားမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**မြစ်သား ဇူလိုင် ၁၉**

မြစ်သားမြို့နယ် ပခမ်းကျေးရွာအုပ်စု ကွင်းအမှတ် (၅၃၃) ဦးပိုင်အမှတ် (၆၇) တောင်သူ ဦးစိုးညွှန့်၏ လယ်မြေ ၁၀ ဒသမ ၀ ဧကတွင် မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မနောသုခစပါးမျိုးကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၇ ရက်က စံပြကွက်စိုက်ခင်း၌ ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြ စိုက်ပျိုးသည်။

ကွင်းသရုပ်ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်၊ မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဆန်းအောင်၊ မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုကို၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေဦး၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးစိုးစိုးထွန်း၊ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းစိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် ဇူလိုင် ၁၉** – ရေဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဂျပန်နိုင်ငံ အထက်လွှတ်တော်ရွေးကောက်ပွဲ

တက္ကသိုလ်မောင်ရှပ

*(ဇူလိုင် ၁၇ ရက်နေ့မှအဆက်)*

**ပြည်သူလူထု၏ ဆန္ဒသဘောထား စစ်တမ်းကောက်ယူမှု**

Nikkei သတင်းဌာနက ကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရ ဝန်ကြီးချုပ်အီရှီဘအပေါ် ပြည်သူလူထုထောက်ခံမှုနှုန်းဟာ သူဝန်ကြီးချုပ်ရာထူး စတင်တာဝန်ယူခဲ့တဲ့ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ ၅၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်လအတွင်းမှာတော့ လူထုထောက်ခံမှု ၃၇ ရာခိုင်နှုန်းပဲရှိခဲ့ပါတယ်။ လူထုမထောက်ခံမှုက ၅၇ ရာခိုင်နှုန်းရှိပါတယ်။ ပါတီအလိုက် လူထုထောက်ခံမှုမှာတော့ အယ်လ်ဒီပီပါတီက ၂၉ ရာခိုင်နှုန်း၊ အတိုက်အခံ CDP ပါတီနဲ့ DPP ပါတီတွေက ၁၂ ရာခိုင်နှုန်းစီနဲ့ ဒုတိယနေရာမှာရှိပြီး အယ်လ်ဒီပီပါတီရဲ့ မဟာမိတ် ကိုမေးတိုးပါတီကတော့ ၅ ရာခိုင်နှုန်းသာရှိပါတယ်။ ဆန္ဒပြုသူစုစုပေါင်းရဲ့ ၁၂ ရာခိုင်နှုန်းကတော့ သူတို့အနေနဲ့ ဘယ်ပါတီကို မဲပေးရမယ်ဆိုတာ မဆုံးဖြတ်ရသေးဘူးလို့ ပြောကြားခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ ၂၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ တိုကျိုမြို့တော်ကောင်စီ ရွေးကောက်ပွဲတွေမှာ အယ်လ်ဒီပီပါတီကတင်သွင်းတဲ့ ကိုယ်စားလှယ်လောင်းတွေ အများအပြားရှုံးနိမ့်ခဲ့သလို ကိုမေးတိုးပါတီက ကိုယ်စားလှယ်တွေလည်း နေရာအချို့မှာ ရှုံးနိမ့်ခဲ့ပါတယ်။ DPP ပါတီက ကိုယ်စားလှယ်လောင်းတွေ တိုကျိုမြို့တော်ကောင်စီမှာ ပထမဆုံးအကြိမ် အနိုင်ရရှိခဲ့ကြတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တိုကျိုမြို့တော်ကောင်စီ ရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ်အီရှီဘက အယ်လ်ဒီပီပါတီဟာ ပြည်သူတွေရဲ့ ပြင်းထန်တဲ့ ဆန္ဒသဘောထားကို ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်၊ လာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာလည်း အခက်အခဲတွေ အများကြီးကြုံတွေ့ရနိုင်တယ်လို့ ပြောကြားခဲ့ပါတယ်။ CDP ပါတီရဲ့အကြီးအကဲ Yoshihiko Noda ကလည်း သူတို့အနေနဲ့ လာမယ့်အထက်လွှတ်တော်ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီကို အများစုနေရာလက်လွှတ်ဆုံးရှုံးစေဖို့ စွမ်းဆောင်သွားနိုင်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

**အယ်လ်ဒီပီပါတီ အများစုနေရာဆုံးရှုံးခဲ့ရင် ဘာတွေဖြစ်လာနိုင်မလဲ**

အကယ်၍များ လာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ်ကိုမေးတိုးပါတီတို့အနေနဲ့ ကိုယ်စားလှယ်ဦးရေ ၅၀ နေရာ အနိုင်မရရှိခဲ့ဘူးဆိုရင် အောက်လွှတ်တော်မှာရော၊ အထက်လွှတ်တော်မှာပါ အများစုနေရာဆုံးရှုံးသွားမှာဖြစ်သလို ဝန်ကြီးချုပ်အီရှီဘရဲ့ ဦးဆောင်မှုအောက်မှာ အယ်လ်ဒီပီပါတီဟာ ရွေးကောက်ပွဲနှစ်ကြိမ်စလုံးမှာ ရှုံးနိမ့်မှုကို ဆက်တိုက်ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒီအခြေအနေမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့အနေနဲ့ အစိုးရအဖွဲ့ကို ဆက်လက်ဦးဆောင်သွားနိုင်ဖို့အနေအထားမှာ ဆက်လက်ရှိသွားနိုင်ပေမယ့်လည်း ဝန်ကြီးချုပ်အီရှီဘရဲ့ ပါတီတွင်းအနေအထားဟာ လုံးဝအခြေယိုင်သွားပြီလို့ ပြောနိုင်မှာ ဖြစ်ပါတယ်။

အယ်လ်ဒီပီပါတီတွင်းမှာ အီရှီဘ ဥက္ကဋ္ဌရာထူးကနေနုတ်ထွက်ဖို့ ဖိအားပေးမှုတွေ မလွဲမသွေရှိလာမှာဖြစ်ပြီး သူ့နေရာမှာ အစားထိုးဖို့ ပါတီဥက္ကဋ္ဌသစ် တစ်ဦးကို ရွေးချယ်လာကြမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က အတိုက်အခံနိုင်ငံရေးပါတီအချို့ စုပေါင်းပြီး အစိုးရဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ ဒီအချက်ဟာ ဖြစ်နိုင်ခြေအလားအလာနည်းပါးပေမယ့် လုံးဝမဖြစ်နိုင်ဘူးလို့လည်း ပြောလို့မရတဲ့ အခြေအနေဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် မေလအတွင်းက ကျိုဒိုသတင်းဌာနက ကောက်ယူခဲ့တဲ့ လူထုစစ်တမ်းတစ်ခုမှာ ဆန္ဒပြုသူအားလုံးရဲ့ ၂၁ ဒသမ ၅ ရာခိုင်နှုန်းက ယခင်ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီး Ms. Takachi Sanae ကို နောက်တက်မယ့် ဝန်ကြီးချုပ် အကောင်းဆုံးနိုင်ငံရေးသမားတစ်ဦးအဖြစ် ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ သူဟာ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက အယ်လ်ဒီပီ ဥက္ကဋ္ဌရာထူးနေရာ ရွေးချယ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ အီရှီဘနဲ့အတူ ဒုတိယအဆင့်အထိ ရောက်ရှိခဲ့ပြီး ဒုတိယအဆင့်မှာ မဲအနည်းငယ်နဲ့ အီရှီဘကို ရှုံးနိမ့်ခဲ့သူဖြစ်ပါတယ်။ နောက်အလားအလာ အကောင်းဆုံးသူတစ်ဦးကတော့ လက်ရှိစိုက်ပျိုးရေးဝန်ကြီး Junichiro Koizumi ဖြစ်ပြီး သူ့အနောက်မှာမှ DPP ပါတီက Yuichiro Tamaki က ရှိနေပါတယ်။ လက်ရှိဝန်ကြီးချုပ် အီရှီဘကတော့ ဆန္ဒပြုသူအားလုံးရဲ့ ၇ ဒသမ ၃ ရာခိုင်နှုန်းကသာ ထောက်ခံခဲ့ကြပါတယ်။

**ယခုရွေးကောက်ပွဲ၏ ထူးခြားချက်အချို့**

လာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ထူးခြားချက်အချက်အချို့ ရှိနေတာကိုလည်း တွေ့မြင်ရပါတယ်။ ပထမအချက်ကတော့ လက်ရှိနိုင်ငံရေးပါတီကြီးတွေရဲ့ စွမ်းဆောင်ရည်အပေါ် ပြည်သူတွေရဲ့ စိတ်ပျက်အားလျော့မှုတွေကြောင့် အမျိုးသားရေးကိုဦးစားပေးတဲ့ အစွန်းရောက်ပါတီတွေ ပေါ်ထွက်လာတာဖြစ်ပါတယ်။ ထင်ရှားတဲ့ ဥပမာက Sanseito Party ဖြစ်ပါတယ်။ Sanseito Party ဟာ ၂၀၂၀ ပြည့်နှစ်ကာလတွေမှာ အွန်လိုင်းကနေတစ်ဆင့် နိုင်ငံရေးလှုပ်ရှားမှုတွေ စတင်ဆောင်ရွက်လာခဲ့ပြီး ပါတီဘက်ပြောင်း ဝင်ရောက်လာမှုတွေကြောင့် လွှတ်တော်ထဲမှာ ကိုယ်စားလှယ်ငါးဦး ရှိနေပြီဖြစ်ပါတယ်။ အခုလာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာလည်း ကိုယ်စားလှယ်လောင်း အများအပြား ပါဝင်ယှဉ်ပြိုင်ကြဖို့ရှိပါတယ်။

Sanseito Party ပါတီရဲ့ ဆောင်ပုဒ်က ဂျပန်ပထမ (Japan First) ဖြစ်ပြီး အဓိကမူဝါဒတွေကတော့ ဂျပန်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂျပန်ရဲ့ စစ်မှန်တဲ့စိတ်ဓာတ်ပြန်လည်ထွန်းကားလာစေရေး၊ စားနပ်ရိက္ခာကိုယ်ပိုင်ဖူလုံရေး၊ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ် (Globalization) ကို ဆန့်ကျင်ရေးတို့ ဖြစ်ပါတယ်။ ဒီမူဝါဒတွေထဲမှာ ကာကွယ်ဆေး၊ LGBT အခွင့်အရေး၊ ချူကလီးယားစွမ်းအင်နဲ့ ပြည်ပနိုင်ငံများမှ နိုင်ငံသားများ လာရောက်မှုတို့ကို ဆန့်ကျင်ခြင်းတို့လည်း ပါဝင်ပါတယ်။ Sanseito Party အနေနဲ့ လာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ကိုယ်စားလှယ် ခြောက်ဦးလောက်အထိ အနိုင်ရရှိဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိနေပါတယ်။

Sanseito Party ရဲ့ မူဝါဒမှာ လယ်ယာစိုက်ပျိုးရေးဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ သူတို့ပါတီအနေနဲ့ ဂျပန်နိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံမှုကို နှစ်ဆတိုးမြှင့်သွားနိုင်ဖို့ လာမယ့် ၁၀ နှစ်တာကာလအတွင်းမှာ ယန်း ၁၀ ထရီလီယံ ရင်းနှီးမြှုပ်နှံသွားနိုင်ဖို့ ဆောင်ရွက်သွားမယ်၊ ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဂျပန်နိုင်ငံရဲ့ ပြည်နယ်တိုင်းမှာ တစ်နှစ်ပတ်လုံး အရေးပေါ်စားနပ်ရိက္ခာ သိုလှောင်ထားရှိမှုအစီအစဉ်ကို ဖော်ဆောင်သွားမယ်လို့ ထုတ်ဖော်ပြောကြားထားပါတယ်။ ပြည်ပနိုင်ငံများမှ နိုင်ငံသားများ လာရောက်မှုနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဖလှယ်ရေးထက် အမျိုးသားရေးကာကွယ်စောင့်ရှောက်မှုကို ပိုမိုအသားပေးတဲ့ မူဝါဒဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ လူဦးရေ နှစ်စဉ်လျော့ကျပြီး အလုပ်သမားဦးရေ လျော့ကျလာမှုကြောင့် ပြည်ပနိုင်ငံတွေက နိုင်ငံခြားသားအလုပ်သမားတွေ ဝင်ရောက်လာမှုကို မဆန့်ကျင်သော်လည်း နိုင်ငံခြားသားအလုပ်သမားတွေဟာ မိမိလုပ်ရမယ့် လုပ်ငန်းခွင်ကနေ ထွက်ပြေးခြင်း၊ ခိုးမှု၊ ခါးပိုက်နှိုက်မှုအပါအဝင် *စာမျက်နှာ ၁၁ သို့*



ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘ။

“လာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ထူးခြားချက်အချက်အချို့ ရှိနေတာကိုလည်း တွေ့မြင်ရ၊ လက်ရှိ နိုင်ငံရေးပါတီကြီးတွေရဲ့ စွမ်းဆောင်ရည်အပေါ် ပြည်သူတွေရဲ့ စိတ်ပျက်အားလျော့မှုတွေကြောင့် အမျိုးသားရေးကို ဦးစားပေးတဲ့ အစွန်းရောက်ပါတီတွေ ပေါ်ထွက်လာတာဖြစ်၊ ထင်ရှားတဲ့ ဥပမာက Sanseito Party ဖြစ်ပါတယ်။ Sanseito Party ဟာ ၂၀၂၀ ပြည့်နှစ်ကာလတွေမှာ အွန်လိုင်းကနေတစ်ဆင့် နိုင်ငံရေးလှုပ်ရှားမှုတွေ စတင်ဆောင်ရွက်လာခဲ့ပြီး ပါတီဘက်ပြောင်း ဝင်ရောက်လာမှုတွေကြောင့် လွှတ်တော်ထဲမှာ ကိုယ်စားလှယ်ငါးဦး ရှိနေပြီဖြစ်၊ လာမယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာလည်း ကိုယ်စားလှယ်လောင်းအများအပြား ပါဝင်ယှဉ်ပြိုင်ကြဖို့ရှိ”



Sanseito Party ဥက္ကဋ္ဌ Sohei Tamiya ။

*စာမျက်နှာ ၁၀ မှ*

ရာဇဝတ်မှုတွေ ကျူးလွန်လာမှုအပေါ် ပိုမိုပြင်းထန်စွာ ကိုင်တွယ်ဆောင်ရွက်သွားရမယ်လို့ ဆိုပါတယ်။

Sanseito Party ဟာ အသက် ၃၀ ကနေ ၅၀ အကြား လူလတ်ပိုင်းတွေရဲ့ ထောက်ခံမှုကို ရရှိနေပါတယ်။ Sanseito Party ရဲ့ အစွန်းရောက်တဲ့ မူဝါဒတွေဟာ အွန်လိုင်းပေါ်မှာတော့ လူအများအပြားရဲ့ အားပေးနှစ်သက်မှုကို လက်ခံရရှိနေပေမယ့် လက်တွေ့မဲပေးမှုတွေမှာ ဘယ်လိုရှိလာမလဲဆိုတာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ အကယ်၍ ဇူလိုင်လ ၂၀ ရက် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ Sanseito Party ဟာ သူတို့ရည်မှန်းထားတဲ့ ကိုယ်စားလှယ်အရေအတွက် နီးပါးအထိ အနိုင်ရရှိခဲ့ပြီဆိုရင်တော့ ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးမှာ အမျိုးသားရေးကို ဦးစားပေးတဲ့ နိုင်ငံရေးအင်အားစုတစ်ရပ် ပေါ်ထွက်လာပြီလို့ပြောနိုင်မှာ ဖြစ်ပါတယ်။

**သုံးသပ်ချက်**

ဂျပန်နိုင်ငံမှာ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ရှိရာမှာ အောက်လွှတ်တော်က ဥပဒေပြုမှုအပိုင်းမှာ ပိုပြီးလုပ်ပိုင်ခွင့်ရရှိထားပါတယ်။ အောက်လွှတ်တော်က အတည်ပြုထားပြီးတဲ့ ဥပဒေကြမ်းတစ်ရပ်ကို အထက်လွှတ်တော်က ပယ်ချခဲ့ရင်တောင် အောက်လွှတ်တော်မှာ ပြန်လည်ဆွေးနွေးပြီး တက်ရောက်လာသူ အမတ်ဦးရေရဲ့ သုံးပုံ နှစ်ပုံက ထောက်ခံခဲ့ရင် ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်တာဖြစ်ပါတယ်။ အထက်လွှတ်တော်ရွေးကောက်ပွဲတွေဟာ ယေဘုယျအားဖြင့် နိုင်ငံရေးအရ ကြီးမားတဲ့အပြောင်းအလဲတွေ ဖြစ်လာနိုင်ဖို့မရှိဘဲ လက်ရှိအစိုးရရဲ့ နိုင်ငံရေးစွမ်းဆောင်ရည်အနေအထားကို ဖော်ပြနိုင်တဲ့စမ်းသပ်မှုတစ်ခုအဖြစ် ရှုမှတ်ကြပါတယ်။

သို့သော် ဇူလိုင်လ ၂၀ ရက်နေ့မှာ ပြုလုပ်မယ့် အထက်လွှတ်တော် ရွေးကောက်ပွဲဟာ ယခင်ရွေးကောက်ပွဲတွေနဲ့ ကွာခြားမှုရှိနေပြီး ထူးခြားမှုတွေလည်း ရှိလာနိုင်တဲ့အတွက် ပိုမိုစိတ်ဝင်စားမှုရှိနေကြပါတယ်။ ပထမထူးခြားချက်က လက်ရှိ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘနဲ့ သက်ဆိုင်ပါတယ်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ ရှီဂဲရု အီရှီဘ ဝန်ကြီးချုပ် ဖြစ်လာပြီးနောက် အောက်တိုဘာလ ၉ ရက်နေ့မှာ အောက်လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်တွေကို အောက်တိုဘာလ ၂၇ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီ အောက်လွှတ်တော် ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီဟာ အများစုနေရာမရရှိခဲ့ဘဲ လွှတ်တော်ကိုယ်စားလှယ် နေရာအများအပြားမှာ ရှုံးနိမ့်လက်လွှတ်ခဲ့ရပါတယ်။ ဒါကြောင့် အခုပြုလုပ်မယ့် ရွေးကောက်ပွဲဟာ ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘရဲ့ ဦးဆောင်မှုအောက်မှာ အယ်လ်ဒီပီပါတီဟာ ဒုတိယအကြိမ် ရွေးကောက်ပွဲဝင်ရောက်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ထွက်ပေါ်လာမယ့်ရလဒ်တွေအပေါ်မူတည်ပြီး ဖြစ်လာနိုင်ခြေရှိတာတွေကို လေ့လာကြည့်နိုင်ပါတယ်။ အထက်လွှတ်တော်မှာ ကိုယ်စားလှယ်ဦးရေ ၂၄၈ ဦးရှိတဲ့အတွက် ကိုယ်စားလှယ် ၁၂၅ ဦး ရရှိတဲ့ ပါတီဟာ အများစုနေရာကို ရရှိမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ရဲ့ ကိုယ်စားလှယ် ၇၅ ဦးဟာ ဇူလိုင်လ ၂၀ ရက် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စရာမလိုတဲ့အတွက် အယ်လ်ဒီပီပါတီနဲ့ ကိုမေးတိုးပါတီတို့က ကိုယ်စားလှယ်ဦးရေ ၅၀ အနိုင်ရရှိရင် အများစုနေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ ကိုမေးတိုးပါတီတို့က ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်ဦးရေ ၆၆ ဦးမှာ ၁၆ ဦး ရှုံးနိမ့်ခဲ့တယ်ဆိုရင်တောင် အာဏာရပါတီဟာ အများစုနေရာကို ကိုင်စွဲထားနိုင်ဦးမှာဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီနဲ့ ကိုမေးတိုးပါတီတို့က အထက်လွှတ်တော်မှာ အများစုနေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့မယ်ဆိုရင် လက်ရှိနိုင်ငံရေးအခြေအနေတွေဟာ ပိုနေမြဲ ကျားနေမြဲအနေအထားမှာ ဆက်လက်ရှိနေမှာဖြစ်ပြီး ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘအတွက် အခြေအနေ ပိုမိုကောင်းမွန်လာစေမှာ ဖြစ်ပါတယ်။

အကယ်၍များ အယ်လ်ဒီပီပါတီနဲ့ ကိုမေးတိုးပါတီတို့ဟာ အထက်လွှတ်တော်မှာ အများစုနေရာကို လက်လွှတ်ဆုံးရှုံးခဲ့ရမယ်ဆိုရင်တော့ အာဏာရ အယ်လ်ဒီပီပါတီဟာ ဥပဒေပြုရေးကိစ္စရပ်တွေမှာ အတိုက်အခံပါတီတွေရဲ့ တောင်းဆိုချက်တွေကို အလျှော့ပေးလိုက်လျောမှုတွေ ပိုမိုပြုလုပ်ပေးလာရမှာဖြစ်တဲ့အတွက် အစိုးရတစ်ရပ်ရဲ့ ရပ်တည်မှုကို အားလျော့လာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အယ်လ်ဒီပီပါတီအတွင်းမှာ ဥက္ကဋ္ဌ ရှီဂဲရု အီရှီဘနေရာကို အစားထိုးနိုင်မယ့် ကိုယ်စားလှယ်တစ်ဦး တင်မြှောက်နိုင်ရေးအတွက် ပါတီတွင်းလှုပ်ရှားမှုတွေ များပြားလာနိုင်ပါတယ်။ အယ်လ်ဒီပီပါတီမှာ ခေါင်းဆောင်သစ်တစ်ဦး ရွေးချယ်ဖို့ဆောင်ရွက်ခဲ့ကြမယ်ဆိုရင်လည်း နိုင်ငံရေးအရ လှုပ်လှုပ်ရှားရှားဖြစ်ရပ်တွေ ဖြစ်ပေါ်လာဦးမှာ ဖြစ်ပါတယ်။

အခုအထက်လွှတ်တော်ရွေးကောက်ပွဲ ပြုလုပ်မယ့်အချိန်ဟာ လက်ရှိအာဏာရ အယ်လ်ဒီပီပါတီအတွက် အကောင်းဆုံးအချိန်မဟုတ်ဘူးလို့ ရှေ့ပိုင်းမှာ ဖော်ပြခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂျပန်ပြည်သူလူထုအကြား စိတ်ရှုပ်ဖွယ်ရာ အခြေအနေတွေဖြစ်တဲ့ အဓိကအစားအစာဖြစ်တဲ့ ဆန်အပါအဝင် ကုန်စည်ဈေးနှုန်းတွေ ကြီးမြင့်မှုတွေ၊ ငွေကြေးဖောင်းပွမှုတွေအပြင် ဂျပန်နိုင်ငံရဲ့ တင်ပို့ကုန်တွေအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမယ့် သမ္မတထရမ့်ရဲ့ အစီအစဉ်အပေါ် မဟာမိတ်ဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ ဆွေးနွေးမှုတွေဟာလည်း လုံးဝအောင်မြင်မှုမရှိသေးတာတွေကြောင့် ဖြစ်ပါတယ်။

ဆွေးနွေးမှုတွေ မအောင်မြင်ခဲ့ရင် အခွန်တိုးကောက်မှုဟာ အထက်လွှတ်တော် ရွေးကောက်ပွဲအပြီး ၁၂ ရက်အကြာ ဩဂုတ်လ ၁ ရက်နေ့မှာ စတင်ပြီး အသက်ဝင်လာတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို ကာမိစေဖို့ စားသုံးခွန် (Consumer Tax) တွေကို ပယ်ဖျက်ပေးဖို့ ဒါမှမဟုတ် လျှော့ချပေးဖို့ ပြည်သူအများစုက လိုလားပေမယ့်လည်း ဝန်ကြီးချုပ် အီရှီဘကတော့ ဒါကို မဆောင်ရွက်ပေးနိုင်ဘဲ လူတစ်ဦးချင်းစီကို ယန်း ၂၀၀၀၀ စီ ငွေသားထောက်ပံ့ပေးဖို့ကိုပဲ ဆက်လက်လုပ်ဆောင်နေပါတယ်။

ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒရှင်ပြည်သူတွေရဲ့ သဘောထားတွေကို စစ်တမ်းကောက်ယူကြရာမှာလည်း အယ်လ်ဒီပီပါတီအပေါ် ပြည်သူလူထုရဲ့ အမြင်က အကောင်းဘက်မှာ ရှိမနေတာကို တွေ့ရပါတယ်။ ဒါကြောင့် လာမယ့်အထက်လွှတ်တော် ရွေးကောက်ပွဲမှာ ပါတီငယ်လေးတွေ ကိုယ်စားလှယ်နေရာ ပိုမိုရရှိလာဖို့ရှိနေပြီး အယ်လ်ဒီပီပါတီ အများစုပြန်လည်အနိုင်ရရှိရေးဟာ မသေချာမရေရာအခြေအနေမှာ ရှိနေပါကြောင်း တင်ပြလိုက်ရပါတယ်။ ။


**ရည်ညွှန်း**

- What the Upper House election means for Japan: 5 things to know by Yuichi Shiga (Nikkei Asia) 3 July 2025
- What Japanese politics could look like after election by Gabriele Ninivaggi (The Japan Times) 12–13 July 2025


## နေပြည်တော်ကောင်စီဝင်များ တပ်ကုန်းမြို့နယ်၌ တစ်နှစ်သုံးသီးစား ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဇူလိုင် ၁၉**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ကောင်စီဝင် ဦးဇေယျာလင်းတို့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် တစ်နှစ်သုံးသီးစား ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ကြံဘိုကျေးရွာရှိ တောင်သူ ဦးငွေဦး၏ နေကြာစိုက်ခင်း၊ တောင်သူ ဦးသန်းဇော်၏ ငရုတ်စိုက်ခင်း၊ တောင်သူ ဦးစိန်မောင်၏ ဖူးစားပြောင်းစိုက်ခင်း၊ ရွှေစုကျေးရွာရှိ တောင်သူ ဦးမောင်လှိုင်၏ မြေပဲစိုက်ခင်း၊ တောင်သူ ဦးအောင်မင်း၏ ငရုတ်စိုက်ခင်းတို့ကို ကြည့်ရှုခဲ့သည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် တောင်သူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လယ်ယာကဏ္ဍအခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သော သီးနှံများ၊ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် သား၊ ငါးကဏ္ဍများ ဖွံ့ဖြိုးလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံများ ရာသီပြည့်စိုက်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းမှာကြားပြီး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများနှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေး၊ ဆည်ရေများ စနစ်တကျ သုံးစွဲရေး၊ မြေအောက်ရေတင်စနစ်ဖြင့် ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ ဆက်စပ်ဌာနများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားခဲ့သည်။

တင်စိုးလွင်



## ဒလမြို့နယ်၌ မိုးစပါးရာသီ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြ

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရဲချောင်းဝကျေးရွာအုပ်စုမှ တောင်သူ ဒေါ်ခင်ညိုပါလေးဦး၏ မြေ ၁၀ ဧကတွင် မိုးစပါးရာသီ မျိုးစေ့ချကိရိယာဖြင့် အောင်နိုင်တိုးစပါးမျိုး စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ၈၀ တက်ရောက်ကြပြီး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ဘီးလင်းအထက၌ သဘာဝဘေးဆိုင်ရာအသိပညာမျှဝေ

**ဘီးလင်း ဇူလိုင် ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မြေငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၁၆ ရက်က အထက(ဘီးလင်း)ပညာ့အားမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အိအိကျော်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်လင်းဦးတို့က သဘာဝဘေး



အန္တရာယ်အမျိုးမျိုးကို အသိပညာပေးဟောပြောပြီး ကြိုတင်ကာကွယ်ရေး နည်းလမ်းများအား ပရိုဂျက်တာဖြင့် ပြသ၍ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် မြေငလျင်ဘေးနှင့် ပတ်သက်၍ သရုပ်ပြလေ့ကျင့်ရာ မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများက ပါဝင်ဆောင်ရွက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ပြီး အလှူဒါနပြု အမျှပေးဝေ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်အစချီသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၉**

(၇၈) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနားကို နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစက္ခဏ မထေရ်မြတ်ထံမှ သံဝေဂကထာတရား နာကြားပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းလှမြို့နယ်၌ ချည်မျှင်ရှည်ဝါမျိုးစေ့ ထောက်ပံ့ပေးအပ်

**အထက်မင်းလှ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်လုပ်ငန်းအတွက် သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ရှုံးရပ်မြောက်ပိုင်းရှိ တောင်သူ ဒေါ်လှလှဝင်း၏ စိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်လုပ်ငန်းအတွက် သွင်းအားစုပစ္စည်းများ ပေးအပ်ခြင်းနှင့် ပတ်သက်၍တက်ရောက်လာသော ကျေးရွာအုပ်စုများမှ တောင်သူများအား ရှင်းလင်းဆွေးနွေးကာ ထောက်ပံ့ပစ္စည်းများနှင့် အသုံးပြုပုံများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသော တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ကျေးရွာ ၁၄ ရွာရှိ ဝါစိုက်တောင်သူများကို ချည်မျှင်ရှည်ဝါ ရွှေတောင်-၈ (၁၃၂၄) ပိဿာနှင့် ရွှေတောင်-၁၀ (deli-nted seed) ၃၄၀ ကီလိုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**



❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

■ *ကျောဖုံးမှ*

SGF အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ TG United အသင်းက မလိကြယ်စင် အသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး JZ Yangon အသင်းနှင့် KKY အသင်းပွဲတွင် ပွဲချိန်အတွင်း သုံးဂိုးစီသရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ JZ Yangon အသင်းက နှစ်ဂိုး-တစ်ဂိုး၊ စုစုပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသည်။ ကွာတားဖိုင်နယ်တွင် JZ Yangon အသင်းနှင့် TG United အသင်း၊ M2K အသင်းနှင့် MIU အသင်း တွေ့ဆုံနေသည်။

ရှုံးထွက် ဒုတိယနေ့ကို ဇူလိုင် ၂၀ ရက် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YRG အသင်းနှင့် 7 Brother အသင်း၊ Gold Dream အသင်းနှင့် VUC အသင်း၊ YCDC MHDT အသင်းနှင့် ပြည့်စုံအသင်း၊ Winner Generations အသင်းနှင့် G-UPT အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သော်လေး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များ လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပါရဂူတန်း ဖွင့်လှစ်ရန် ကျန်ရှိသည့် ဘာသာရပ်များအနေဖြင့် လာမည့်စာသင်နှစ်များတွင် ပါရဂူတန်းများ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သင်ကြားရေး ဆရာ ဆရာမများ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် လိုအပ်သည့် စက်ပစ္စည်းများကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သိပ္ပံဌာနများ အနေဖြင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများကို အကျိုးရှိ ထိရောက်စွာ ဘွဲ့လွန်ကျောင်းသားများ၊ ဘွဲ့ကြို ကျောင်းသားများအနေဖြင့် သုတေသနလုပ်ငန်းများ၊ စုပေါင်း project များ ဆောင်ရွက်ရာတွင် အားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်စေရေး၊ ပါမောက္ခများ အနေဖြင့် ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ တက်ရောက်လာကြသည့် ဌာန အလိုက် ပါမောက္ခဌာနမှူးများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် ပညာရေးတက္ကသိုလ်၊ ရန်ကင်းပညာရေးဒီဂရီ ကောလိပ်၊ သဃ်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ် ကြီး၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍ တိုးတက်ရေးသည် အဓိကအရေးကြီးပါကြောင်း၊ သင်တန်းသား သင်တန်းသူများသည် အဓိကနေရာမှ ပါဝင်ဆောင်ရွက်ကြရမည့် ဆရာ ဆရာမလောင်းများ ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများဖြစ်လာပါက စာသင်ကြားရာတွင် အပြုအမူ၊ အပြောအဆို၊ စိတ်ဓာတ်စည်းကမ်းမှစ၍ စံပြဆရာ ဆရာမများ ဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ကျောင်းသား ကျောင်းသူများအား ပညာရေးထူးချွန်ရုံသာမက လိမ္မာယဉ်ကျေးပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ရှိရန်နှင့် ယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထားတတ်စေရန် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ပါကြောင်း၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအနေဖြင့် မကြာခင် သင်ကြားရေးတာဝန်များ ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း ပြောကြားကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

**သွေးလွန်တုပ်ကွေးရောဂါ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးသုတေသနဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဒေသဆိုင်ရာ နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိကြောင်း၊ မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့တွင် ဖြစ်ပွားမှု များပြားလေ့ရှိပါကြောင်း။

သွေးလွန်တုပ်ကွေး ရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်ပြန့်ပွားတတ်သည့် ရောဂါဖြစ်ပြီး ရောဂါဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပေါ်မူတည်၍ ကူးစက်မှုနှုန်းနှင့် ပြင်းထန်မှုနှုန်း ကွာခြားမှုရှိနိုင်ကြောင်း၊ ခြင်မပေါက်ပွားနိုင်အောင် ကာကွယ်နှိမ်နင်းရေး နည်းလမ်းများ၊ ခြင်နှိမ်နင်းရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါအပြင် အခြား ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများဖြစ်သည့် Abate (ပိုးလောက်လမ်း သေဆေး)၊ Fogging Machine (ခြင်ဆေးမှုတ်စက်)၊ သွေးလွန်တုပ်ကွေး အမြန်သွေးစစ်ကိရိယာ (RDT)၊ ကလေး သွေးပေါင်ချိန်တိုင်းကိရိယာ (Pediatric BP Cuff) တို့ကို ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါကြောင်း။



သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းတွင် အရေးပါသော Dengue virus serotype လေးမျိုးအား စောင့်ကြပ်ကြည့်ရှုခြင်း (Dengue Serological Surveillance) ကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနခွဲနှင့် ပူးပေါင်းလုပ်ဆောင်နေပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သော "ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း" လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခြင်း၊ လူနေရပ်ကွက်၊ ကျေးရွာများရှိ မလှယ်နိုင်၊ မသွန်နိုင်သော ရေစည်များနှင့် အုတ်ကန်များတွင် ခြင်လောက်လမ်းသေဆေး (အဘိတ်)ခတ်ခြင်းကို ရက်သတ္တပတ် ခြောက်ပတ်လျှင် တစ်ကြိမ် စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ ကူညီပံ့ပိုးမှုများဖြင့် နီးနွှယ်ဌာန၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ နီးနွှယ်လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး/စီမံချက် မန်နေဂျာ (သွေးလွန်တုပ်ကွေး/ ဆင်ခြေထောက်)က မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က Dengue Serological Surveillance ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို အကြံပြုညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီးထပ်စွမ်းအားမြင့်မားရေးအတွက် စိုက်ပျိုးရေပိုမိုရရှိစေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ် သံလွင်လမ်း၊ ပုဗ္ဗသီရိ-တပ်ကုန်းလမ်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းအတွင်းရှိ ဆင်သေချောင်းဘေး ဝဲ/ယာ လယ်ယာမြေများပေါ်တွင် နွေ၊ မိုး၊ ဆောင်းရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေ ပိုမိုရရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဆင်သေဆည် ရေသောက်စနစ် လက်ယာတူးမြောင်းမကြီး ပေတိုင် ၁၀၈၅၅၀ သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆိုလာစက်ရေတွင်းများ တူးဖော်မည့်အခြေအနေများနှင့် အနိမ့်တင်ဆိုလာများ တပ်ဆင်၍ ရေတင်စနစ်ဖြင့် ဧကတိုးတက် ရေပေးဝေမည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လက်ရှိရေပေးဝေရန် စီစဉ်နေသည့် စိုက်ဧကများအပြင် မြောင်းအဖျားပိုင်းအထိ စိုက်ပျိုးရေရရှိရေးအတွက် တူးမြောင်းစနစ်များကို ပြန်လည်စိစစ်တိုင်းတာကြရန် မှာကြားပြီး ဆင်သေချောင်းမှ ရေကူပေးဝေနိုင်ရေး အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ မကျီးပင်ရေလွှဲဆည်သို့ ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးရေ ပေးဝေနေမှုအခြေအနေကို လည်းကောင်း၊ မကျီးပင်ချောင်းသည် နွေကာလအထိ တစ်နှစ်ပတ်လုံး စီးဝင်ရေ ရေစီးရေလာကောင်းမွန်ပြီး ပိုလျှံရေများ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ချောင်းအောက်ပိုင်းမှ လယ်ယာမြေများသို့ စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရန် ယာယီချောင်းပိတ်တမံ တည်ဆောက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်အတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း တူးဖော်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ စက်ဘီးတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၁ သန်း ရရှိ



**ဖနောင်ပင် ဇူလိုင် ၁၉**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက် ကာလအတွင်း စက်ဘီးတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၁၁ သန်း ဝင်ငွေရရှိခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင် ပြောသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၅၁ ဒသမ ၇ ရာခိုင်နှုန်း ဝင်ငွေတိုးလာကြောင်း သိရသည်။


ကမ္ဘောဒီးယားနိုင်ငံထုတ်စက်ဘီးများကို အဓိကအားဖြင့် ဥရောပသမဂ္ဂ၊ ဗြိတိန်၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့သို့ တင်ပို့ခြင်းဖြစ်သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချီက ပြောသည်။

အထည်ချုပ်၊ ဖိနပ်၊ ခရီးသွားကုန်ပစ္စည်း၊ ကားတာယာနှင့် စိုက်ပျိုးရေးထွက်ကုန်များပြီးလျှင် စက်ဘီးသည် နိုင်ငံတကာဈေးကွက်သို့ တင်ပို့သည့် အဓိကကုန်ထုတ်လုပ်မှုပစ္စည်းများထဲမှ တစ်ခုဖြစ်လာသည်ဟု ၎င်းက ဆင်ဟွာသို့ပြောသည်။

လက်ရှိနိုင်ငံအတွင်း စက်ဘီးစက်ရုံငါးရုံရှိပြီး ၎င်းတို့အားလုံးမှာ ဗာဘတ်မြို့ အထူးစီးပွားရေးဇုန်၌ တည်ရှိသည်။

ဆင်ဟွာ

# နေအဖွဲ့အစည်းအတွင်း ဂြိုဟ်သိမ်မှတွေ့ရှိသော ကျောက်နမူနာများ သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သုတေသီများပြောကြား




**တိုကျို ဇူလိုင် ၁၉**

ဂြိုဟ်သိမ်တစ်ခုမှ ရရှိခဲ့သော ကျောက်နမူနာများမှာ နေအဖွဲ့အစည်းအတွင်းမှ ရှာဖွေတွေ့ရှိဖူးသမျှတွင် သက်တမ်းအရင့်ဆုံး တွေ့ရှိမှုဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ သုတေသီများက ပြောကြားလိုက်သည်။

ဂျပန်အာကာသ စူးစမ်းလေ့လာရေးယာဉ် ဟာယာဘူဆာ-၂ သည် Ryugu (ရူဂူ) ဂြိုဟ်သိမ်မှ ကျောက်နမူနာများကို ပြန်လည်ယူဆောင်လာခဲ့ကြောင်း၊ အဆိုပါကျောက်တစ်ခုချင်းစီမှာ ၀ ဒသမ ၁ မီလီမီတာထက် သေးငယ်ကြောင်း သိရသည်။

ဟော့ကိုင်းဒိုး တက္ကသိုလ်အပါအဝင် အဖွဲ့အစည်းအသီးသီးမှ သုတေသီများက အဆိုပါကျောက်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၅၆၇၃ ဘီလီယံက အပူချိန်မြင့်မားစွာ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်းပြောသည်။

ထို့အပြင် အဆိုပါ ကျောက်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၄ ဒသမ ၅၆၂ ဘီလီယံက ရေနှင့်ဓာတ်ပြုပြီး ဖြစ်ပေါ်လာသည့် ဓာတ်သတ္တုများနှင့် ဖွဲ့စည်းထားသော ရူဂူဂြိုဟ်သိမ်ထက် သက်တမ်းပိုရင့်ကြောင်း သုတေသီများက ပြောသည်။

ဂြိုဟ်သိမ်သည် နေနှင့်ဝေးကွာသော နေရာမှ ဖြစ်ပေါ်လာပုံရကြောင်း သုတေသီများက ထပ်လောင်းပြောကြားသည်။

အင်န်အိတ်ချ်ကေ

# ဘင်ဂူရီယန်လေဆိပ်တိုက်ခိုက်မှု ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ဟူသီအုပ်စုပြော

**ဆာနား ဇူလိုင် ၁၉**

အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ ဘင်ဂူရီယန်လေဆိပ်ကို ဟူသီအဖွဲ့က ဇူလိုင် ၁၈ ရက် နှောင်းပိုင်းတွင် အသံထက်မြန်သည့် ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စုက ပြောသည်။ အဆိုပါ ပဲ့ထိန်းဒုံးကျည်ကို အစ္စရေးကာကွယ်ရေးစနစ်ဖြင့် ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

ဂါဇာဒေသရှိ ပါလက်စတိုင်းပြည်သူများကို ထောက်ခံသည့်အနေဖြင့် ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဟူသီအုပ်စု ပြောရေးဆိုခွင့်ရှိသူ ယာ့ယာဆာရီယာက ဟူသီတို့ထိန်းချုပ်ထားသည့် မာဆီယာ ရုပ်သံမှတစ်ဆင့် ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ပွဲများရပ်တန့်ပြီး ပိတ်ဆို့ထားမှုများကို ဖယ်ရှားမပေးသရွေ့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းကဆက်ပြောသည်။ ဂါဇာရှိ ပါလက်စတိုင်းများကို ကယ်တင်ရန်၊ အစားအစာများ ထောက်ပံ့ပေးရန်နှင့် ပိတ်ဆို့ထားမှုများဖယ်ရှားပေးရန် အာရပ်များကို တောင်းဆိုခဲ့သည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ၎င်းတို့၏ ကာကွယ်ရေးစနစ်သည် ဒုံးကျည်ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး အစ္စရေးနိုင်ငံတစ်ဝန်း အချက်ပေးသံများဆူညံခဲ့သည်ဟု ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် လေကြောင်းပျံသန်းမှု ခေတ္တရပ်နားခဲ့ရသည်ဟု ဇူလိုင် ၁၈ ရက်က ဆိုရှယ်မီဒီယာပေါ်တွင် ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ ဒုံးကျည်ကြောင့် အသေအပျောက်မရှိခဲ့ကြောင်း သိရသည်။

ယခုလအတွင်း အစ္စရေးကို ပစ်မှတ်ထားကာ ဟူသီတို့က ခုနစ်ကြိမ်မြောက် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယီမင်နိုင်ငံမြောက်ပိုင်း နေရာအများအပြားကို သိမ်းပိုက်ထားသည့် ဟူသီအဖွဲ့သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ပင်လယ်နီဒေသ၌ အစ္စရေးနှင့် ဆက်နွှယ်မှုရှိသည့် သင်္ဘောများကို ပစ်မှတ်ထားကာ တိုက်ခိုက်လေ့ရှိသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ငါးဦးရှိပြီး ငါးဦးပျောက်ဆုံး

**ဆိုးလ် ဇူလိုင် ၁၉**

တောင်ကိုရီးယားနိုင်ငံ၌ ရက်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ငါးဦးရှိကာ ငါးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၇၀၀၀ ကျော်ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။



ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ သေဆုံးသူ လေးဦးရှိကြောင်း အတည်ပြုခဲ့ပြီး နှစ်ဦးမှာ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တောင် Gyeongsang ပြည်နယ် Sancheong ဒေသ၌ လူတစ်ဦး သေဆုံးနေကြောင်း ထပ်မံတွေ့ရှိကာ မြေပြိုပြီးအိမ်များ နစ်မြုပ်သွားသည့်အတွက် အခြားသုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# အီသီယိုးပီးယားနိုင်ငံ၌ မီးလောင်မှုကြောင့် နေအိမ်၊ ဆိုင်ခန်းနှင့် စားသောက်ဆိုင်ပေါင်း ၁၈၀၀ ကျော် ပျက်စီး

**အဒစ်အဘာဘာ ဇူလိုင် ၁၉**

အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဒါလော့ခရိုင် အာဖာဒေသ၌ ပြင်းထန်သည့်မီးလောင်မှု ဖြစ်ပွားသဖြင့် စီးပွားရေးလုပ်ငန်းများနှင့် နေအိမ် ၁၈၀၀ ကျော် မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်းပေါင်း ၆၀၀၊ စားသောက်ဆိုင်ပေါင်း ၉၅၀ နှင့် နေအိမ် ၂၅၅ လုံးမှာ လုံးဝပျက်စီးခဲ့ရကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး အစ္စမေးလ်အလီက ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားသည်။

ယခုအခါ မီးလောင်မှုကို ထိန်းချုပ်နိုင်ပြီ ဖြစ်သော်လည်း မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ထိခိုက်သေဆုံးသူစာရင်းကို မသိရှိရသေးကြောင်း အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၏ စမတ်ဖုန်းတင်ပို့မှု သုံးလပတ်အတွင်း ကန်ဒေါ်လာ ၇ ဘီလီယံ ကျော်လွန်လာ

**နယူးဒေလီ ဇူလိုင် ၁၉**

Moneycontrol အွန်လိုင်းသတင်းဌာန၏ အစီရင်ခံဖော်ပြချက်အရ အိန္ဒိယနိုင်ငံ၏ စမတ်ဖုန်းတင်ပို့မှုသည် ယခုဘဏ္ဍာနှစ်၏ ဧပြီမှ ဇွန်လ သုံးလပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်လွန်ခဲ့ပြီး ယင်းမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်၏ အလားတူသုံးလပတ်ကထက် ၄၀ ရာခိုင်နှုန်းကျော် ပိုများပြားလာကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ ဧပြီမှ ဇွန် သုံးလပတ်အတွင်း စမတ်ဖုန်းတင်ပို့မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်ဖိုးတန်ဖိုးရှိ အက်ပဲလ်၏ iPhones များ ပါဝင်ကြောင်း၊ ယင်းမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ် အလားတူကာလက iPhones တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားလာကြောင်း သိရသည်။

ဆင်ဟွာ

# အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာသည့် ရပ်ဝန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကား



**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း) ရှိဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ ရပ်ဝန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာကြသည်။

မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်တွင် အာဇာနည်နေ့၌ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထူးပြပွဲ အပါအဝင် ပြခန်းများကို ခင်းကျင်းပြသထားပြီး တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်တို့မှ အပ ကျန်နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ယခုနှစ် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တွင် အများပြည်သူတို့အား ပြကွက်သုံးမျိုးဖြင့် ခင်းကျင်းပြသခဲ့ရာ ပြကွက်တစ်အဖြစ် ပြတိုက်၏အတက်လမ်း၌ နတ်မောက်မြို့တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၊ ရန်ကုန်မြို့တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဗိုလ်ချုပ်၏ ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ တပ်မတော်ခေါင်းဆောင် ဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ၊ မိသားစုဘဝ၊စျာပနအခမ်းအနား၊ ဗိုလ်ချုပ်ကျဆုံးခဲ့သည့် အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်ကျဆုံးချိန်တွင် ကျန်ရှိခဲ့သောပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေစက္ကူနှင့် အကြွေစေ့များ၊ တံဆိပ်ခေါင်းများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပစ္စည်းများ စသည့် သမိုင်းအချက်အလက် ဆိုင်ရာ ပြကွက်ပေါင်း (၃၀) ကို All in one board များဖြင့် ပြသထားသည်။

ပြကွက်နှစ်အဖြစ် ပြတိုက်အထွက်လမ်း၌ မြန်မာပြည်မြေပုံနှင့် အာဇာနည် (၉) ဦးပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများ၊ မေယုစစ်သင်္ဘောမှတ်တမ်းဓာတ်ပုံများ၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ သွေးသစ္စာဆိုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်နေအိမ် ထမင်းစားခန်းတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းပုံများ၊ ဗိုလ်ချုပ်အိပ်ခန်းအတွင်းမှ ခရီးဆောင်သားရေသေတ္တာနှင့် ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သော အဝတ်အစားမှတ်တမ်းဓာတ်ပုံများ၊ ကလေးများအခန်းဗီရိုအတွင်းရှိ အောင်ဆန်းလင်းဝတ်ဆင်ခဲ့သည့် အဝတ်အစားမှတ်တမ်းဓာတ်ပုံများ စသည်တို့ကို Permanent Board ပေါ်၌ UV Sticker Vinyl များဖြင့် ပြသထားသည်။

ပြကွက်သုံးအဖြစ် IT နည်းပညာများဖြစ်သည့် Holographic နည်းပညာနှင့် ဖန်တီးပြသထားသော သမိုင်းဝင် မြန်မာ့ရေတပ်မေယုစစ်သင်္ဘော၏ မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ စျာပနအခမ်းအနား၊ ဝန်ကြီးများရုံးအတွင်းရှိ ဗိုလ်ချုပ်တို့ နောက်ဆုံးပြုလုပ်ခဲ့သော အစည်းအဝေးခန်းမ မှတ်တမ်းပြကွက်များ၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် ကုတ်အင်္ကျီအား အဘက်ဘက်မှ ကြည့်ရှုလေ့လာနိုင်သော ပြကွက်၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၏ ဗီရိုများအတွင်းရှိ ပစ္စည်းများအား Offline Web Page ဖြင့် ပြသထားသော ပြကွက်နှင့် လူငယ်များအတွက် ဉာဏ်စမ်းပဟေဠိကဏ္ဍတို့ကို Touch Screen များနှင့် ပြသသည့် ပြကွက်များဖြင့် ဖန်တီးပြသထားသည်။

"(၇၈)နှစ်မြောက် အာဇာနည်နေ့မှာ အများပြည်သူ အမြဲအမှတ်တရရှိစေဖို့နဲ့ အသိပညာဗဟုသုတရရှိကြစေဖို့ရည်ရွယ်ပြီး ပြတိုက်ပိုင်းဆိုင်ရာ ပြကွက်များကို ခင်းကျင်း ပြသထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို လာရောက်လေ့လာတဲ့ အခါမှာ ပုံမှန်အထူးပြပွဲမှာ ပြသလေ့ရှိတဲ့ ယာယီပြကွက်တွေနဲ့ ခေတ်မီနည်းစနစ်နဲ့ ပေါင်းစပ်ထားတဲ့ ပြကွက်တွေအပြင် ဒီနှစ်မှာ ထူးထူးခြားခြား တစ်နှစ်ပတ်လုံး လေ့လာကြည့်ရှုနိုင်အောင် Permanent Board ပေါ်မှာ UV Sticker Vinyl တွေနဲ့ အမြဲပြသသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လာရောက် လေ့လာကြည့်ရှုသူတွေအတွက် အသိပညာဗဟုသုတများစွာ ရရှိစေမှာဖြစ်ပါတယ်"ဟု အမျိုးသားပြတိုက် (ရန်ကုန်) မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိမိလေးက ပြောသည်။

ပြတိုက် မြေညီထပ်တွင် ဗိုလ်ချုပ် ထမင်းစားခန်းနှင့် ဧည့်ခန်း၊ ပြတိုက်အပေါ်ထပ်၌ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ်၏ အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်၌ စာဖတ်ခန်းတို့ကိုပြသထားပြီး ကလေးများ အိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရိုနှင့် မှန်တင်ခုံတို့ကို ပြသထားသည်။ ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေကားဖြင့်တက်ရသည့် တတိယထပ်တာဝါရှိ ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစု ပူဇော်ခဲ့သည့် ဒင်္ဂါဏာသာခါ ဆင်းတုတော်နှင့် ကျောင်းဆောင်ပုံတော်၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစားများနှင့် ခရီးဆောင်သားရေအိတ်တို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏ သားသမီးများ အိပ်ခန်းအနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင် ဗိုလ်ချုပ်မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်း အနောက်ဘက်တံခါးရှိ ပြတိုက်စင်္ကြံလမ်းမှ ပြတိုက်အောက်သို့ ကွေ့၍ ပြန်ဆင်းပါက ရေကန်အနီး၌ စိုက်ခင်းပြကွက်တွင် သီးပင်စားပင် စိုက်ပျိုးနေသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုပုံကို ပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် (ရန်ကုန်) ၏ အထွက်လမ်းရှိ နည်းပညာပြကွက် (Digital Exhibition) တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် မေးခွန်းပေါင်း(၂၀)ကို ဖြေဆိုခြင်းဖြင့် အမှတ်တရလက်ဆောင်ခြောက်မျိုးကို ချီးမြှင့်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ပါဝင်ဖြေကြားကြသည်။

ယနေ့ (၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ပြတိုက်အတွင်း ခင်းကျင်းပြသမှုအပြင် နည်းပညာပြကွက်နှင့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်တို့ဖြင့် ကြည့်ရှုလေ့လာသူများအတွက် စုံလင်စွာဆောင်ရွက်ထားသည့်အတွက် ရပ်ဝန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လာရောက်လေ့လာကြသည်။

**သတင်းစဉ်**

## နာမည်ကြီး စပိန်က အိမ်ရှင်ဆွစ်ဇာလန်ကို အနိုင်ယူကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်း

ယူအီးအက်ဖ်အေ အမျိုးသမီးယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်မှ ဇူလိုင် ၁၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်အမျိုးသမီးနှင့် အိမ်ရှင်ဆွစ်ဇာလန်အမျိုးသမီးအသင်းပွဲစဉ်တွင် စပိန်အမျိုးသမီးအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

စပိန်အသင်းသည် ဆွစ်ဇာလန်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မိနစ် ၆၀ ကျော်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ သို့သော်လည်း ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေး ကစားထားနိုင်သည့် စပိန်အသင်းသည် နောက်ပိုင်းပွဲချိန်များတွင် သွင်းဂိုးများရရှိကာ ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်ပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

စပိန်အသင်းသည် ပွဲကစားချိန် ၉ မိနစ်နှင့် ၈၈ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ကဲလ်ဒန်တေနှင့် ပူတဲလပ်စ်တို့ အဆုံးသတ်သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ဆွစ်ဇာလန်အသင်းသည် နာမည်ကြီး စပိန်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းခွင့် လေးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ စပိန်အသင်းက ဆွစ်ဇာလန်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၂၃ ကြိမ်အထိ ပြုလုပ်ထားနိုင်သည်။

စပိန်အသင်းအတွက် သွင်းဂိုးများကို ကက်စတဲယ်လိုနှင့် ပီနာတို့ သွင်းယူပေးခဲ့သည်။ ပွဲကစားချိန်ပြည့်ခါနီးတွင် ဆွစ်ဇာလန်အသင်း ခံစစ်ကစားသမား မာရစ်ဇ်တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ အိမ်ရှင်ဆွစ်ဇာလန်အသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော စပိန်အသင်းသည် အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြင်သစ်နှင့် ဂျာမနီအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် လာမည့် ဇူလိုင် ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက်(၆:၀၀) နာရီမှစပြီး၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ 'ဝ' ကချင် အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်နေ့မှစပြီး နို့ဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှ (၇:၀၀) နာရီအထိ စကောဘာသာ အစီအစဉ်၊ နံနက်(၇:၀၀)နာရီမှ (၈:၀၀) နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် (၈:၀၀) နာရီမှ နံနက်(၉:၀၀)နာရီအထိ အရှေ့ပိုးကရင် ဘာသာအစီအစဉ်၊ နံနက်(၉:၀၀)နာရီ မှ နံနက် (၁၀:၀၀) နာရီအထိ ချင်း (လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် (၁၀:၁၀) နာရီ မှ နံနက် (၁၁:၀၀)နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် (၁၁:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀) နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀) နာရီမှ ညနေ(၁၅:၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ (၁၅:၀၀)နာရီမှ ည(၁၇:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည (၁၇:၀၀) နာရီမှ (၁၉:၀၀) နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည (၁၉:၀၀) နာရီမှ (၂၁:၀၀) နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည(၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ ကယားဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချောင်းဆုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းများချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဇူလိုင် ၁၉**

ချောင်းဆုံမြို့နယ်၌ ဇူလိုင် ၁၇ ရက်က မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီ ဦးဆောင်၍ ချောင်းဆုံမြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်သော ဆိုင်များတွင် "နိုင်ငံကြီးသား ပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ချိတ်ဆွဲထားမှုအခြေအနေနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**သူဇာ(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုလမ်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်၊ ဒေသခံပြည်သူများ ပုံမှန်အတိုင်း ပြန်လည်နေထိုင်သွားလာနိုင်ရေးဆောင်ရွက်

**နောင်ချို ဇူလိုင် ၁၉**

TNLA၊ DPLA အဖွဲ့များနှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် နောင်ချိုမြို့နှင့် တောင်ခမ်းဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့်ခြေကုတ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်တွင် သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ယာယီနေရပ်စွန့်ခွာနေရာမှ ၎င်းတို့၏နေရပ်ဒေသများသို့ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။



ဒေသခံပြည်သူများ ပုံမှန်နေထိုင်သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နောင်ချိုမြို့ ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ စည်ပင်သာယာရေးရုံးတွင် ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားပြည်သူများ မူလနေရာများသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရားအမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက နိုင်ငံ့ဝန်ထမ်းများ လုံခြုံရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးကိစ္စရပ်များတွင်လည်း ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် ယာယီဆေးရုံကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီဆေးခန်းဖွင့်လှစ်နိုင်ရန်အတွက် နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည်ဗိမာန်တော်ကြီးသို့ သွားရောက်ကြည့်ရှုပြီး ပေါ်တော်ဘုန်းတော်ကြီးကျောင်းသို့သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများစားသောက်ရေးအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နောင်ချိုမြို့နှင့် ဒေသခံများ၏ပညာရေး၊ ကျန်းမာရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် နဂိုမူလအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ ယာယီစားသောက်ရေးအဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်ပိဿာ၊ ကုလားပဲ၊ ငါးပိတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက ဒေသခံပြည်သူများ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ နောင်ချိုမြို့ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ကာ နောင်ချိုမြို့ ပြည်သူ့ဆေးရုံ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

---

*** ကျောဖုံးမှ**

လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် TNLA၊ DPLA နှင့် MDY–PDF အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး၊ ဇူလိုင် ၁၈ ရက်တွင် DPLA နှင့် MDY–PDF အဖွဲ့ဝင် ၁၅ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁ ဦး စုစုပေါင်း ၁၂ ဦးတို့သည် Type–81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၀ ခု၊ MA–1 အမျိုးအစား သေနတ် ၁ လက်တို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့သည်။ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်း လုပ်ကိုင်နေကြသူများ ဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ပြီးသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများ ဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်အတွက် နောင်ချိုမြို့နယ်၊ ဆရာအေးကုန်းကျေးရွာ၊ ထိုမှတစ်ဆင့် ကျောက်တောကျေးရွာ၊ ၎င်းမှတစ်ဆင့် လယ်ကြီးတောကျေးရွာ၊ အင်းဝိုင်းကျေးရွာများသို့ အဆင့်ဆင့် ထွက်ခွာလာခဲ့ပြီး ညောင်ထောက်ကျေးရွာသို့ ရောက်ရှိစဉ် အဆိုပါကျေးရွာအနီး လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့ သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်များက ၎င်းတို့နှင့်အတူ ယူဆောင်လာသည့် Type–81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၀ ခု၊ MA–1 အမျိုးအစား သေနတ် ၁ လက် တို့ကိုအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သေနတ် ၁၃ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၅၀ နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ထို့နောက် အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံ



များကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

ကျွန်တော် DPLA ကို ရောက်ရှိလာရတဲ့ အဓိကအကြောင်းရင်းကတော့ သူတို့အဖွဲ့ကနေပြီးတော့ တစ်အိမ်တစ်ယောက် မဖြစ်မနေ မဝင်မနေရဆိုပြီး အတင်းအဓမ္မစုဆောင်းခံရလို့ ကျွန်တော်တို့ ရောက်ရှိလာရခြင်း ဖြစ်ပါတယ်။ ဒီအဖွဲ့ထဲ မဝင်လို့ရှိရင် မိသားစုတွေကို သတ်ဖြတ်မယ်။ ကျွန်တော်တို့ ဆွေမျိုးတွေကို ဒုက္ခပေးမယ်ဆိုပြီး ခြိမ်းခြောက်လို့ ဝင်ရောက်လာရတာ ဖြစ်ပါတယ်။ ပလောင်တွေအနေနဲ့ ကျွန်တော်တို့ လူမျိုးရေးခွဲခြားဆက်ဆံခံရတာကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒီသင်တန်းအတွင်းမှာလည်း အစားအသောက်တွေ၊ အနေအထိုင်တွေကိုလည်း ဆင်းဆင်းရဲရဲနဲ့ နေထိုင်စားသောက်ခဲ့ရတယ်။ ဒီသင်တန်းပြီးလို့ ရှေ့တန်းကိုပို့တဲ့အခါမှာလည်း ကျွန်တော်တို့ကို ရှေ့ကနေတိုက်ခိုင်းတယ်။ သူတို့က နောက်မှာပဲနေတယ်။ ကျွန်တော်တို့က ဆုတ်ခွာလာခဲ့ရင်တောင် သူတို့က ပစ်သတ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ လက်နက်အားမမျှလို့ ဆုတ်တဲ့အခါမှာလည်း တကယ်တမ်း ပစ်သတ်ခဲ့တာတွေကို ကျွန်တော်တို့ မျက်မြင်ကြုံတွေ့ခဲ့ရတယ်။ တပ်မတော်ကနေပြီးတော့ အင်အားအလုံးအရင်းနဲ့ တိုးလာတဲ့အခါမှာ စိတ်ဓာတ်အလွန်ကျတယ်။ အဲဒါကြောင့် ကိုယ့်အသက်ကို မသေအောင်ဆိုပြီးတော့ ပုန်းအောင်းပြီးတော့လည်း နေတယ်။ နေရတာလည်း နေရခက်တယ်။ အခုအချိန်မှာဆိုရင် လူအင်အား၊ လက်နက်အားမမျှတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ လူကြီးတွေကို တပ်မတော်သားတွေ အများကြီးသတ်ဖြတ်ခဲ့ပြီး လက်နက်ခဲယမ်းတွေ အများအပြား သိမ်းဆည်းရရှိခဲ့တယ်လို့ လိမ်ညာပြီး တင်ပြခဲ့တာလည်း ရှိခဲ့တယ်။ နောင်ချိုကျရင် ကျွန်တော်တို့ကို သတ်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် ဒီတပ်မတော်ထဲကို ဝင်ရောက်ပြီးတော့ အလင်းဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်သားတွေကို သူတို့အဖွဲ့ထဲသို့ အလင်းဝင်မယ်ဆိုရင် ငွေကြေးတွေလည်း ထောက်ပံ့ပေးမယ်ဆိုပြီး ပြောခဲ့ပါတယ်။ တကယ်တမ်း လက်တွေ့မှာကြတော့ လက်နက်တွေယူပြီးတော့ လူတွေကို ညှဉ်းပန်းနှိပ်စက်တာတွေလည်း တွေ့ခဲ့တယ်။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာတဲ့အခါမှာ မညှဉ်းပန်း မနှိပ်စက်ဘဲနဲ့ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တိုက်ပွဲတွေ တိုက်ခိုက်ခဲ့တဲ့အချိန်မှာ ပြည်သူတွေရဲ့ပစ္စည်းတွေ အများအပြားပျက်စီးဆုံးရှုံးခဲ့ရတာတွေရှိခဲ့တယ်။ စိုက်ပျိုးသီးနှံတွေ ပျက်စီးခဲ့တာတွေလည်းရှိခဲ့တယ်။ အဲဒီအတွက်လည်း ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ ဒီနေရာကပဲ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။ ကျွန်တော်တို့ တောင်ခမ်းနဲ့ နောင်ချိုကြားမှာရှိတဲ့ ပြည်သူတွေအိမ် ခေတ္တခဏဝင်နေတဲ့အချိန်မှာ သူတို့တွေက ပြည်သူပစ္စည်းတွေကို လုယက်တာတွေ၊ မတရားယူတာတွေကို တွေ့ခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ ဒီအဖွဲ့ရဲ့လုပ်ရပ်တွေကို တဖြည်းဖြည်းနဲ့ ရွံရှာစက်ဆုပ်မိပါတယ်။ အဲဒါကြောင့် ဒီအဖွဲ့ကနေထွက်ပြီးတော့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရောက်လာတာ နောက်ကျတဲ့အတွက် နောင်တရမိပါတယ်။



**သတင်းစဉ်**

# ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး



**နေပြည်တော် ဇူလိုင် ၁၉**

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုလျက်ရှိသည်။


ထို့ပြင် ဇူလိုင် ၁၈ ရက်တွင်လည်း နောင်ချိုမြို့၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့်အတူ ပြန်လည်ရောက်ရှိလာကြပြီး အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ပြန်လည်ဝင်ရောက်လာစဉ် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နေထိုင်စားသောက် လုပ်ကိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့နောင်ချိုမြို့နယ်အတွင်း မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ၇ မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာသို့ ရောက်ရှိကြရာ နောင်ချိုမြို့အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ၎င်းတို့ ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် အဖိုးတန်ပစ္စည်းများအား စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံခဲ့ရာ ဒေသခံတိုင်းရင်းသား ပြည်သူများသည် တပ်မတော်စစ်ကြောင်းအား ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့၏ နေရပ်သို့ ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တပ်မတော်စစ်ကြောင်းထံ အကူအညီတောင်းခံခဲ့ကြသည်။


ထိုသို့ အကူအညီတောင်းခံခဲ့သဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ နေရပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ရေး အဆင်ပြေစေရန် အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏ အသုံးအဆောင် ပစ္စည်းများအား ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများနှင့် အခြားလိုအပ်သည့် ကူညီရေးလုပ်ငန်းများကို အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာ ပြည်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက်အခြေချ နေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ၎င်းတို့၏ စကားသံများကိုလည်း ယခုလို ကြားသိခဲ့ရပါသည်-



























၁။ အခုလို ပြည်သူပြည်သားတွေကို ပျော်ရွှင်အောင် လုပ်ပေးတယ်။ ပြီးတော့ ဘဝလုံခြုံမှုပေးတဲ့ မြန်မာစစ်သည်တော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

၂။ ကျေးဇူးတင်ပါတယ် ဆရာတို့ အားလုံးကိုပြန်ပြီးကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

၃။ ကယ်တင်ပေးတဲ့အတွက်မို့ ကျေးဇူးတင်ပါတယ်။ ပြန်လာကယ်တာကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

၄။ ၆ လပိုင်း ၂၅ ရက်က တိုက်ပွဲဖြစ်တယ်။ အဲနေ့ကစပြီး မိသားစုတွေ တကွဲတပြားစီဖြစ်တယ်။ မန္တလေးရောက် ဟိုရောက် ဒီရောက်နဲ့ တကွဲတပြားစီ ဖြစ်ကြတယ်။ အခုချိန်ထိ တကွဲတပြားစီပါပဲ။ တပ်မတော်ကလာပြီးအခုလို ရှင်းလင်းပြီးတော့ လုပ်ပေးကိုင်ပေးတဲ့အတွက် အကုန်လုံးကို အစစအရာရာ လာပြီးကူညီပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ နောင်လည်းဒီလိုပဲ အမြဲတမ်း အမြဲမပြတ် ဒီလို စောင့်ရှောက်ပေးဖို့ ပြောချင်ပါတယ်။

၅။ ခုလိုဖြစ်လာမယ်ဆိုတာတော့ ကျွန်မယုံကြည်တယ်။ ဒီလို အမြန်အောင်မြင်မယ်လို့ မထင်ထားဘူးလေ။ ဒီလိုဖြစ်လာတော့အတိုင်းမသိ ဝမ်းသာတော့ ဘာပြောရမှန်း မသိဘူးလေ။ မိသားစုတွေ အခုလို စုံစုံလင်လင် နေရမယ်။ လုပ်ငန်းကိုင်ငန်းတွေ ပုံမှန်လည်ပတ်လို့ ရမယ်ဆိုတော့ ပျော်လို့ စကားကိုဘာပြောရမှန်းကိုမသိဘူး။ တပ်မတော်ကြီးကိုလည်း အများကြီး ကျေးဇူးတင်မိတယ်။ အဲလိုပဲ ပြောချင်တယ်။

၆။ ကျွန်မတို့ရွာဘက်မှာ ၁၅ ရက်ကျော်ပါတယ်။ မိသားစုတွေလည်း မတွေ့ရပါဘူး။ စစ်တပ်ရောက်လာတော့ ကျွန်မတို့ အများကြီးပျော်ပြီး အများကြီး ဝမ်းသာပါတယ်။

၇။ ကိုယ့်မြို့ ကိုယ့်ရွာကို ပြန်ခွင့်ရှိတာကို အများကြီး ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ဥတ္တရသီရိမြို့နယ် ကြီးပွားကျေးရွာ စာကြည့်တိုက်နှင့် မရမ်းခုံကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

နေပြည်တော် ဥတ္တရသီရိမြို့နယ် ကြီးပွားကျေးရွာ "မေတ္တာရေစင်" စာကြည့်တိုက်နှင့် မရမ်းခုံကျေးရွာ "အနာဂတ်လူငယ်" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် အဆိုပါစာကြည့်တိုက်များ ရှေ့၌ ကျင်းပသည်။

ဦးစွာ တောင်ညိုကျေးရွာအုပ်စု ကြီးပွားကျေးရွာ "မေတ္တာရေစင်" စာကြည့်တိုက်နှင့် မရမ်းခုံကျေးရွာ "အနာဂတ်လူငယ်" စာကြည့်တိုက် အဆောက်အအုံသစ်တို့ကို နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်း၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB- T2 Set Top Boxတစ်စုံကို လည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ပန်းဖွားအဖွဲ့များနှင့် အိုးစည်ဒိုးပတ်အဖွဲ့များအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်သည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## မအူပင်တက္ကသိုလ်နှင့် ဘူရီရန် ရာဂျာဘတ်တက္ကသိုလ်(ထိုင်းနိုင်ငံ)တို့အကြား အဆင့်မြင့်ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခမ်းအနားကျင်းပ

မအူပင် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်နှင့် ဘူရီရန် ရာဂျာဘတ်တက္ကသိုလ် (ထိုင်းနိုင်ငံ) တို့အကြား နားလည်မှုစာချွန်လွှာအရ အဆင့်မြင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခမ်းအနားကို ယမန်နေ့က မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီနီဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မအူပင်တက္ကသိုလ်၏ မှတ်တမ်းရုပ်ရှင်ပြသသည်။ ဆက်လက်၍ မအူပင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ကရင်ရိုးရာဒုံးယိမ်းအကအလှုဖြင့် လည်းကောင်း၊ ချင်းရိုးရာအကအလှုဖြင့် လည်းကောင်း၊ မအူပင် တက္ကသိုလ်သီချင်းနှင့် သရုပ်ဖော်ကပြမှုများဖြင့် လည်းကောင်း ဖျော်ဖြေခဲ့ကြသည်။



